

ဟစ်ချ်ကော့ လက်ရွေးစင်

# ဘာသက်ငွေ

## ခေါင်းတလားအမှတ်.၁၄

လျှို့ဝှက်သည်းဖိုဂမ္ဘီရစုံထောက်ဝတ္ထု

## ခေါင်းတလားအမှတ် ၁၄

ကျေးဇူးပြုပြီး ကျွန်တော့်အလုပ်ကို အထင်မသေးကြပါနဲ့ ။ တက္ကသိုလ်ကျောင်းဝင်းထဲမှာ အလုပ်လုပ်သည် ထက် ဝင်ငွေကောင်းပါသည် ။ မြို့တော်၏ ရင်ခွဲရုံတွင် ညစောင့်လုပ်ရသည် ကို ကျွန်တော်သိပ်သဘောမတွေ့သော်လည်း အခွင့်အရေးအများကြီးရပါသည် ။

ပထမအချက်မှာ နေ့ခင်းပိုင်းတွင် ကောလိပ်ကျောင်းတက်၍ ပညာသင်နိုင်ပါသည် ။ ညဘက်တွင် လည်း တာဝန်ထမ်းဆောင်ရင်း စာဖတ်နိုင်သေးသည် ။

ကျွန်တော် ကာကူးလပ်စ်သင်္ချာပုစ္ဆာများ တွက်နေချိန်တွင် လူသေအလောင်းများ သည် ကျွန်တော့်အား အနှောင့်အယှက်မပေးကြပါ။

ထိုညက ကျွန်တော်၏ အထက်လူကြီး အိုလက်ဒယ်လီကို ခါတိုင်းလိုပင် အနားယူစေပါသည် ။ အိုလက်မှာ အသက်ကြီးရင့်ပြီး ခြေထောက်မသန်စွမ်းပါ။ အလုပ်တွင် အချိန်အနည်းငယ်သာ နေတတ်ပါသည် ။ သူသည် ကျွန်တော့်အား နှုတ်ဆက်ပြီး ရင်ခွဲရုံထဲမှ ခပ်သွက်သွက်ထွက်သွားလေသည် ။

ကျွန်တော်တစ်ယောက်တည်း ခန်းမကြီးထိပ်ရှိ အခန်းကျဉ်းထဲတွင် ကျန်ခဲ့၏။ စားပွဲတွင် ကျောင်းစာအုပ်များ ၊ သာမိုမီတာနှင့် ထရန်စစ္စတာရေဒီယိုတစ်လုံးသာ ရှိပါသည် ။ ကျွန်တော်သည် ထူထဲသောမှတ်တ

မ်းစာအုပ်ထဲတွင် စာရင်းများ ရေးသွင်းနေခဲ့၏။

အိုလက်သည် နေ့စဉ်စာရင်းကို သူ၏ သပ်ရပ်သောလက်ရေးများ ဖြင့် ရေးသွင်းခဲ့၏။ ရေနစ်သေသူ ယောက်ျားစာရင်း၊ ကားတိုက်သေသော ယောက်ျားတစ်ယောက်နှင့် မိန်းမတစ်ယောက်၊ အခန်းမီးလောင်နေစဉ် အိပ်ပျော်သေဆုံးခဲ့သော ဝင်နို၊ ဓားထိုးခံရပြီး သေဆုံးသူ ယောက်ျားတစ်ယောက်၊ မြစ်ထဲမှ ပေါ်လာသော မိန်းမအလောင်း …။ အိုလက်တာဝန်ကျသော နေ့ခင်းပိုင်းတွင် အလောင်းများ ရောက်မလာခဲ့ပေ။ လွန်ခဲ့သော ရက်သတ္တကလိုပင် အလောင်းများ ရောက်မလာခဲ့ပေ။

သူမသည် တဲကုပ်တွင် နေသော သနားစရာ အဘွားအိုတစ်ယောက်ဖြစ်သည် ။ ခန္ဓာကိုယ်မှာ နေခြောက်လှန်းထားသော ပိုးကောင်တစ်ကောင်နှင့် တူ၏။ သူမစိတ်သာ အိပ်မက်ကမ္ဘာထဲသို့ ဝင်ရောက်ကျက်စားနေ၏။ ထိုကမ္ဘာတွင် သူမသည် ပျိုမျစ်နုငယ်ပြီး သန့်ရှင်းသပ်ရပ်လေသည် ။ လူအများ ၏ လျစ်လျူရှုမှုကိုလည်း မခံရပေ ။ သူမကိုယ်ကို သူမ အင်ဒေါ၏ စတုတ္ထမြောက်စုန်းမဟု ယုံကြည်သည် ။ ညအမှောင်ကိုစိုးမိုးသည် ဟု ယူဆသည် ။

ဆင်းရဲသားရပ်ကွက်ဖြစ်သဖြင့် အသိဉာဏ်နည်းပါး၍ အယူသည်းကြသည် ။ အိမ်နီးချင်းအချို့က သူမကိုကြောက်ရွံ့လေသည် ။ သူမ၏ မျက်နှာမှာ လူခေါင်းခွံနှင့် တူပြီး ငှက်နှုတ်သီးသဏ္ဍာန်နှာခေါင်းအဖျားတွင် အသားမာဘုရှိ၏။ ပါးစပ်တွင် သွားမရှိဘဲ မေးမှာ ရှည်ချွန်းသည် ။ ပွယောင်းညစ်ပတ်သောဆံပင်များ သည် ချိုင့်သောပါးပေါ်သို့ ဖားလျားကျနေ၏။ သူမသည် ဗေဒင်ဟောခြင်း၊ ဂါထာမန္တရားရွတ်ဖတ်ခြင်း၊ ထီပေါက်ကိန်းဂဏန်းများ ပြောခြင်း၊ အဆောင်လက်ဖွဲ့များ ရောင်းချခြင်း

မှ ရသောဝင်ငွေဖြင့် ချွေတာစားသောက်ခဲ့ရ၏။ လူတစ်ယောက်အား ကောင်းသောအကြောင်းအရာများကိုသာ ဗေဒင်ဟောလေ့ရှိ၏။ ကံမကောင်းသောအကြောင်းများကို ဟောပြောခြင်းမပြုပေ။

ပူအိုက်စွတ်စိုသောညများ တွင် သူမသည် အိမ်အမိုးပေါ်သို့တက်လေ့ရှိ၏။ သူမ ကောင်းကင်သို့ ပျံတက်သည် ၊ မတက်သည် ကိုမည်သူမှ သေချာစွာမသိပေ။ ယခုတော့ သူမသည် အလောင်းသေတ္တာအမှတ်(၁၄)အတွင်းသို့ ရောက်နေလေပြီ။ ဝေးကွာသောပြည်နယ်မှ လေယာဉ်ဖြင့်ရောက်လာမည့် သူမ၏ သားကို စောင့်နေခြင်း ဖြစ်၏။

အိုလက်က ပြန်ခါနီးတွင် ကျွန်တော့်ကို ပြောခဲ့သည် ။

"သေတ္တာအမှတ်(၁၄)ထဲက ကန့်အနံ့ထွက်နေတယ်"

ကျွန်တော်သတိမထားမိပါ။ ဓာတ်ခွဲခန်းထဲမှ အနံ့များကို ရှူရှိုက်နေရပါသည် ။ ထိုအနံ့များကို ရှူရှိုက်ရင်း စာကိုကြိုးစားဖတ်နေရပါသည် ။

ကျွန်တော်သည် မှတ်တမ်းရေးသွင်းခြင်းကို ရပ်လိုက်၏။ ထုံးစံအတိုင်း အဆောက်အဦကို လှည့်ပတ်ကြည့်ရှုရမည်ဖြစ်သည် ။

အခန်းမှာ ကျယ်ဝန်း၍ အေးစိမ့်နေသည် ။ အားကောင်းသောလျှပ်စစ်မီးပွင့်များ ထွန်းထား၏။ ကြမ်းပြင်ကို ပိုးသတ်ဆေးရည် ပက်ဖျန်းထား၏။ ထိုစားပွဲပေါ်တွင် ဘာမှ မရှိဘဲ သန့်ရှင်းသပ်ရပ်နေ၏။ အအေးစက်မှ အသံသဲ့သဲ့ထွက်နေသည် ။

ကျွန်တော့်လက်ယာဘက်ရှိ ပျားအုံသဏ္ဍာန်အဆောက်အဦမှာ အလောင်းများ ထားသော နေရာဖြစ်သည် ။ သက်ဆိုင်ရာဆွေမျိုးများ တာဝန်ယူသင်္ဂြိုဟ်ရမည့် အလောင်းများ ဖြစ်သည် ။

တလားခေါင်းများ ၏ လက်ကိုင်တွင် သင်္ဘောလက်မှတ်ကဲ့သို့သော

ကတ်ပြားကို ဝိုင်ယာကြိုးအသေးဖြင့် ချည်ထား၏။ ကတ်ပြားပေါ်မှ အမည်နှင့် တလားခေါင်းအတွင်းမှ အလောင်းကို တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်သည် ။

ကျွန်တော်သည် ခပ်တိုးတိုးလေချွန်ရင်း ကတ်ပြားများကို လိုက်စစ်နေမိသည် ။

တလားခေါင်းအမှတ်(၁၄)အနီးသို့ ရောက်သောအခါ နှာချေလုနီးပါးဖြစ်သွားပါသည် ။ ထို့နောက် ကျွန်တော် ဒေါသဖြစ်သွား၏။

"အဘိုးကြီးအိုလက်ဒယ်လီက ကန့်စော်နံတယ်လို့ ပြောတယ်"

ကျွန်တော်သည် တလားခေါင်းအမှတ်(၁၄)ဘေးမှ ခြေလှမ်းဖြတ်သွားပြီးမှ နောက်ပြန်လှည့်လိုက်၏။

အိုလက်သည် တလားခေါင်းအမှတ်(၁၄)တွင် အလောင်းရှိကြောင်း ဖော်မပြခဲ့ပေ။ ယခု တလားခေါင်းလက်ကိုင်တွင် ကတ်ပြားချိတ်ထား၏ ။ ကျွန်တော်အနားသို့ကပ်ပြီး ငုံ့ကြည့်လိုက်၏။ ကတ်ပြားနှစ်ဖက်လုံးတွင် ဘာမျှရေးမထားပါ။ အိုလက်သည် အိုမင်းနေပြီဖြစ်သော်လည်း သူငယ်မပြန်သေးပါ။ သူသည် တလားခေါင်းကတ်ပြားတွင် စာရေးရန်မေ့မည်မဟုတ်ပေ။

ကျွန်တော် ခပ်ယဲ့ယဲ့ပြုံးလိုက်သည် ။ အဘိုးကြီးသည် ကျွန်တော့်အား နောက်ပြောင်ခြင်းဖြစ်ပေမည်။

တလားခေါင်းလက်ကိုင်ကိုဆွဲ၍ အပြင်သို့ ထုတ်လိုက်ပါသည် ။ တလားခေါင်းသည် ဘီးများ ပေါ်မှ ရွေ့လျားပြီး လျှောက်ထွက်လာ၏။ ကျွန်တော့်လေချွန်သံ ရပ်သွား၏။

တလားခေါင်းထဲမှ မိန်းကလေးမှာ အသက်ငယ်ပြီး ရွှေရောင်ဆံပင်

များ ရှိသည် ။ သေဆုံးချိန်၌ပင် အလွန်လှပနေလေသည် ။

ကျွန်တော် သူမကိုရပ်ကြည့်နေမိ၏။ မျက်နှာပေါက်မှာ အလွန်လှပ သည် ။ အသားမှာ ညိုဝါဖျော့ရောင်ဖြစ်သည် ။ သူမကို ကြည့်ရသည် မှ အိပ်ပျော်နေသည့် ပုံမျိုးဖြစ်သည် ။ အဖြူရောင်နိုင်လွန်ယူနီဖောင်းဝတ် ထားပြီး ကော်လံတွင် သူနာပြုတံဆိပ် တပ်ထား၏။ ရွှေလက်ကောက် တစ်ရံနှင့် ရွှေပြားတစ်ပြားသာ လက်တွင် ဝတ်ထား၏။ ရွှေပြားပေါ်တွ င် ဇက်အယ်လ်ဟု စာလုံးထွင်းထား၏။

ကျွန်တော်သည် အလောင်းကိုထားခဲ့ပြီး ကျွန်တော့်အခန်းသို့ပြန်လာ ခဲ့၏။ စားပွဲပေါ်မှ မှတ်တမ်းစာအုပ်ကို လှန်ကြည့်လိုက်၏။ အဘိုးကြီးကို အပြစ်မတင်ချင်သောကြောင့် ဖြစ်သည် ။

ထိုနေ့စာရင်းကို ကြည့်သည် ။ မတွေ့ ...။ ယမန်နေ့စာရင်းကို ကြည့် သည် ။ မတွေ့ရပါ။ နောက်တစ်နေ့စာရင်းတွင် ရှာကြည့်ပြန်သည် ။ တ လားခေါင်းအမှတ်(၁၄)တွင် ဘာမှ မရှိပါ။ တံခါး၏ အပေါ်ပိုင်းမှာ မှန်ဖြ စ်သည် ။ ကျွန်တော်သည် တံခါးမဖွင့်ဘဲ မှန်အပြင်မှ လှမ်းကြည့်လိုက်ပါ သည် ။ တလားခေါင်းအမှတ်(၁၄)ကို ဆွဲဖွင့်ထားခဲ့သဖြင့် ဇက်အယ်လ် ဟု အတိုကောက်အမည်ပိုင်ရှင် မိန်းကလေးကို ယခုတိုင်မြင်ရပါသည် ။

ကျွန်တော်သည် အတန်ကြာအောင် အသက်ရှူအမောဖြေနေခဲ့သည် ။ ထို့နောက် အိုလက်ဒယ်လီ၏ နေအိမ်ကို တယ်လီဖုန်းဆက်လိုက်၏။ သူ့ထံမှ ပြန်ထူးချိန်တွင် ကျွန်တော်သည် အလောင်းထားသောအခန်းဘ က်သို့ တစ်ချက်လှမ်းကြည့်မိလျက်သား ဖြစ်သွားသည် ။

"တာလီဘာရန်ဆန်ပါ မစ္စတာဒယ်လီ"

"မင်းမိတ်ဆွေ လာခေါ်နေလို့ လား၊ မင်းအစား ငါဂျူတီဝင်မပေးနိုင် ဘူးကွ"

" မဟုတ်ဘူး ဒယ်လီ။ တလားခေါင်းအမှတ်(၁၄)ထဲက မိန်းကလေး အကြောင်း မေးချင်လို့ ပါ"

"တလားခေါင်းအမှတ်(၁၄)ထဲမှာ ဘာမရှိဘူးလေ တယ်လီ"

" မဟုတ်ဘူး ဒယ်လီ ...။ တလားခေါင်းအမှတ်(၁၄)ထဲမှာ မိန်းကလေးတစ်ယောက် ရှိနေတယ်။ ရွှေရောင်ဆံပင်နဲ့ ...။ အသက်ငယ်ပြီးချောတယ်။ သူမ ရောက်လာတာကို စာရင်းသွင်းဖို့ ခင်ဗျားမေ့သွားတာဖြစ်လိမ့်မယ်"

"ငါ ဘာကြောင့် ဒီလိုလုပ်ရမှာ လဲကွ"

အိုလက်က မကျေနပ်သံဖြင့် ပြောတော့သည် ။

"ဒါတော့ မသိဘူးလေ"

ကျွန်တော်ပြန်ပြောလိုက်သည် ။

"ဒါပေမဲ့ ခင်ဗျားမေ့တာတော့ သေချာတယ်။ သူမ ဒီမှာ ရောက်နေပြီ ။ ခင်ဗျားမယုံရင် လာကြည့်"

သူတယ်လီဖုန်းဆောင့်ချသဖြင့် ကျွန်တော်နားအူသွား၏။ ကျွန်တော် တယ်လီဖုန်း ပြန်ချလိုက်၏။ ကော်ဖီကျိုက်ပြီး စီးကရက်ဘူးကိုယူလိုက်သည် ။ ပြာခွက်ထဲတွင် စီးကရက်တိုသုံးခုကို တွေ့ရသည် ။ ကျွန်တော် မသက်မသာပြုံးလိုက်ပြီး ကျန်သောစီးကရက်နှစ်လိပ်ကို နောက်မှ သောက်ရန် ပြန်ထည့်လိုက်သည် ။

အိုလက်သည် ထော့နင်းထော့နင်းဖြင့် ဝင်လာ၏။ သူ့ကြည့်ရသည်မှာ လှိုင်းလေထန်သော ပင်လယ်ပြင်တွင် ခုတ်နေသော သင်္ဘောတစ်စီးနှင့် တူနေ၏။ သူစိုက်ကြည့်သည် ကို ကျွန်တော်အပြုံးဖြင့်တုံ့ပြန်လိုက်

၏။ ထို့နောက် သူ့အား အလောင်းထားသောအခန်းထဲသို့ ဦးဆောင်ခေါ်လာခဲ့၏။

သူသည် စပရင်တံခါးကို တွန်းဖွင့်ဝင်သွား၏။ ကျွန်တော်က နောက်မှ ကပ်လိုက်သွားသည် ။ တလားခေါင်းအမှတ်(၁၄)မှာ အပြင်သို့ဆွဲထုတ်ထားဆဲ ဖြစ်၏။ သူတစ်ချက်လှမ်းကြည့်လိုက်ပြီး ကျွန်တော့်ဘက် ချက်ချင်းလှည့်လိုက်၏။

"ဘရန်ဆန် ..."

သူက ဒေါသဖြင့် ခေါ်သည် ။

"ငါအသက်နှစ်ဆယ်ငယ်သွားရင် မင်းနှာခေါင်းကို ကျိုးအောင်ထိုးမိလိမ့်မယ်။ မောပန်းနေတဲ့ အဘိုးကြီးကို ဒီမသတီစရာကောင်းတဲ့ နေရာကို ဘာကြောင့် ပြန်ခေါ်တာလဲ။ မင်းကို လူကောင်းလေးတစ်ယောက်ဖြစ်တယ်လို့ ငါယူဆထားပါတယ်ကွာ"

"နေပါဦး မစ္စတာဒယ်လီ"

"ဘာပြောချင်လို့ လဲ။ ဒီအတွက် မင်းကို ငါတိုင်မယ်"

ကျွန်တော်သည် ခေါင်းထဲသို့ လှမ်းကြည့်လိုက်၏။ ရွှေရောင်ဆံပင်နှင့် မိန်းမချောလေးမှာ ခေါင်းထဲတွင် ရှိနေဆဲဖြစ်သည် ။

အိုလက်သည် ကျွန်တော့်ကို တွန်းဖယ်ပြီး သွားတော့မည့် ဟန်ပြင်နေ၏။ ကျွန်တော် သူ့လက်မောင်းကို လှမ်းဆွဲထား၏။

"ကျွန်တော် ကြောက်နေပါပြီ အဘိုးကြီး"

ကျွန်တော် အော်လိုက်ပါသည် ။

"ခင်ဗျား သူမကို မမြင်ဘူးလား။ ခင်ဗျားမြင်ပါတယ်နော်"

"ငါ့ကို ဆွဲမထားပါနဲ့ "

သူက ဒေါသဖြင့် ပြန်အော်သည် ။

"ငါ သေသေချာချာကြည့်ပြီးပြီ။ ခေါင်းထဲမှာ ဘာမှ မရှိဘူး။ မင်းငယ် ထိပ်လို ပြောင်နေတယ်"

ကျွန်တော် သူ့လက်ကို ဆွဲထားလိုက်သည် ။ သူ့ကိုမသွားစေချင်သေး ပါ။

"ဒါဟာ ဘယ်လိုနောက်ပြောင်မှုလဲ မသိတော့ဘူးဗျာ"

"ငါလည်း မသိဘူး"

သူက ပြန်ပြောသည် ။

"ဒါဟာ အတော်ဆိုးတဲ့ နောက်ပြောင်မှုပဲကွ"

"ခေါင်းကို ထပ်ကြည့်ပါဦးဗျာ"

"ငါကြည့်ပြီးပြီ၊ ဘာမှ မဟုတ်ဘူး ၊ အရွယ်ရောက်နေတဲ့ လူငယ်တစ်ယောက်က သနားစရာကောင်းတဲ့ အဘိုးကြီးကို အိမ်ကခေါ်ပြီး အောက်တန်းစားဆန်ဆန် နောက်ပြောင်တာပဲကွ"

ထို့နောက် သူ့လက်မောင်းကိုရုန်းပြီး အခန်းထဲမှ ဒေါသဖြင့် ထွက်သွားတော့၏။ အခန်းရှေ့ကော်ရစ်ဒါတွင် ရပ်ပြီး ကျွန်တော့်ကိုလက်ညှိုးထိုးပြော၏။

"မင်းဟာ တော်တော်ရက်စက်တဲ့ လူငယ်တစ်ယောက်ပဲ။ မနက်ဖြန်မှာ မင်းအလုပ်သစ်ရှာထားပေတော့"

ထို့နောက် သူပြန်သွားတော့၏။

ကျွန်တော် သူ့နောက်သို့ လိုက်မသွားခင် တလားခေါင်းအမှတ်(၁၄)

ကို မှန်အပြင်မှ လှမ်းကြည့်ပါသည် ။ ကျွန်တော် စိတ်ပျက်စွာညည်းတွား မိသည် ။ ဇက်အယ်လ်ဟူသော နာမည်အတိုကောက်ပိုင်ရှင် မိန်းကလေး မှ ခြေါင်းထဲတွင် ရှိနေဆဲဖြစ်သည် ။

"ကောင်းသောမိန်းကလေး"

ကျွန်တော့်ဘာသာ တီးတိုးရေရွတ်မိသည် ။

"အဝေးကိုသွားပါတော့၊ ငါမျက်စိမှိတ်လိုက်မယ်။ သွားပါတော့"

ကျွန်တော် မျက်စိမှိတ်ပြီး ပြန်ဖွင့်လိုက်ပါသည် ။ သူမ ဘယ်လိုမှ မ သွားပါ။ ကျွန်တော့်အခန်းသို့ ပြန် လာပြီး ထိုင်နေခဲ့ပါသည် ။ သို့သော်ကြာကြာမထိုင်ရပါ။

လူသေအလောင်းသွင်းသည့် တံခါးမှ ဘဲလ်သံမြည်သဖြင့် သွားဖွင့် ပေးရပါသည် ။

အမဲသားလှည်းမောင်းသော စမစ်နှင့် မက်ကလင်းတို့ သည် အဝ တ်အစားများ စုတ်ပြဲနေသည့် ရုပ်အလောင်းအား ထမ်းစင်ပေါ်မှ ကျော က်စားပွဲပေါ်သို့ တင်လိုက်ကြ၏။

"သူ တရုပ်ကားကို ဝင်တိုက်တယ်"

စမစ်က ပြော၏။

"နံပါတ်အိုင်ဒီ"

မက်လလင်းက ပြောပြန်သည် ။

"သူ့ကို ဂျွန်ဒိုးလိုပဲ ရေခဲစိမ်ထားစမ်းကွာ"

"သူ့ကို ကြင်ကြင်နာနာ ဆက်ဆံရမယ် ...။ မဟုတ်ဘူး လား ဘရန် ဆန်"

ရုပ်အလောင်းကို အဝတ်ဖြင့်ဖုံးလွှမ်းရင်း စမစ်က ကျွန်တော့်ကိုလှမ်းပြောသည် ။ ကျွန်တော်ကြောက်မှန်းသိသဖြင့် သူအမြဲစတတ်သည် ။

"သနားစရာကောင်းပါတယ်"

နှုတ်ခမ်းမှ ချွေးများ သုတ်ရင်း ကျွန်တော်ပြောပါသည် ။

"သူဟာ မိန်းကလေးနဲ့ မတူဘူး။ သူမမှာ ဘာဒဏ်ရာမှ မပါဘူး"

"မိန်းကလေး ..."

"ဟုတ်တယ်"

ကျွန်တော်ပြောလိုက်မိပါသည် ။

"ရွှေရောင်ဆံပင်နဲ့ မိန်းကလေး။ တလားခေါင်းအမှတ် (၁၄)ထဲမှာ "

စမစ်နှင့် မက်ကလင်းတို့ သည် ပွင့်နေသောခေါင်းကို လှမ်းကြည့်ကြ၏။ ထို့နောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေ၏။

"တယ်လီ ...သူငယ်ချင်း ..."

မက်လလင်းက မေးသည် ။

"မင်းနေကောင်းရဲ့ လားကွာ"

"နေကောင်းပါတယ်"

ကျွန်တော်ဖြေလိုက်သည် ။ ကျွန်တော့်နဖူးမှာ ရေခဲလို အေးစက်နေသည် ။

"အိပ်ရေးပျက်သလား။ အိပ်မက်ဆိုးတွေ ထပ်တလဲလဲမက်လို့ လား"

"ဘာမှ မဖြစ်ပါဘူး"

ကျွန်တော်ပြောလိုက်သည် ။

"တလားခေါင်းအမှတ်(၁၄)ထဲက မိန်းကလေးဟာ ခင်ဗျားတို့ ယူလာတာမဟုတ်ရင် ကောလင်းနဲ့ စနာဘယ်လီတို့ ယူလာတာဖြစ်မယ်"

စမစ်နှင့် မက်ကလင်းတို့ သည် ကျွန်တော့်ကိုတွန်းတိုက်၍ ဝင်သွားကြ၏။ ထို့နောက် မမစ်က ဝါးလုံးကွဲရယ်ချလိုက်သည် ။

"ရွှေရောင်ဆံပင်နဲ့ မိန်းကလေး ...ခေါင်းအမှတ်(၁၄)။ အဲဒါရှူးနေတဲ့ အဘွားကြီးရဲ့ အလောင်း ထားတဲ့ နေရာပဲ။ ဟုတ်တယ်ဘရွန်ဆန်။ ငါသတိရပြီ"

မက်ကလင်းက သူ့အဖော်ကို မယုံသလို ကြည့်နေ၏။

"သေချာရဲ့ လား"

"ရိုးရိုးလေးပါ"

စမစ်က ရှင်းပြ၏။

"တာလီဟာ တစ်ယောက်တည်းနေရလို့ ပျင်းနေပြီ။ ဒါကြောင့် ငါတို့ကို ရယ်စရာလုပ်နေတာ။ မဟုတ်ဘူး လား တယ်လီ"

မိန်းကလေးကို သူတို့ မမြင်သည် မှာ သေချာ၏။ ကျွန်တော်ငြင်းနေပါကလည်း အပိုသာ ဖြစ်တော့မည်။ ထို့ကြောင့် ရယ်ချလိုက်ရ၏။

"ဟုတ်တယ်။ ရယ်စရာပြောတာပဲ ဆိုပါတော့"

စမစ်က တံတောင်ဖြင့် ကျွန်တော့်နံကြားကိုတွက်ပြီး ...

"အလောင်းတွေကို အပြင်ထုတ်မထားနဲ့ တာလီ"

ဟု ပြောပြီး သူက ထပ်ရယ်ပြန်သည် ။ သို့သော် မက်ကလင်းသည် စမစ်နောက်မှ လိုက်သွားရင်း ကျွန်တော့်ကို စိုးရိမ်သောအကြည့်ဖြင့်လှည့်ကြည့်သွားသည် ။

သူတို့ ထွက်သွားသည် ကို ကျွန်တော်ကြည့်မနေတော့ပါ။ ကျွန်တော် အဖော်လိုနေပါပြီ။ ပထမဆုံးအကြိမ်အဖြစ် ဤအခန်းတွင် တစ်ယောက်တည်းနေရသည် ကို ကြောက်လာပါတော့သည် ။

ကျွန်တော်သည် တလားခေါင်းအမှတ်(၁၄)အား နက်ရှိုင်းသော တောင်ကြားကို ဖြတ်ဖောက်ထားသည့် ကြွပ်ဆတ်သောမှန်တံတားပေါ်မှ လျှောက်သလို သတိကြီးစွာထားပြီး ကွေ့ရှောင်လာခဲ့၏။

"သွားပါတော့"

ကျွန်တော်က ဇက်အယ်လ်အား ရည်မှန်းပြောလိုက်ပါသည် ။

"မင်းဟာ တကယ်မရှိဘူး။ အလောင်းကောင်လည်း မဟုတ်ဘူး ။ မင်းဟာ ငါကလွဲပြီး ဘယ်သူမှ မမြင်တဲ့ စိတ်ကူးရုပ်ပုံလွှာဖြစ်တယ်။ ကဲ ...သွားပါတော့"

ကျွန်ုပ်၏ စကားလုံးမှာ အကျိုးသက်ရောက်မှုမရှိပါ။ ကျွန်တော့်အခန်းရှိ စားပွဲသို့ ပြန်လာခဲ့ပါသည် ။ ထိုင်နေရင်းပင် အချိန်အတော်ကြာအောင် တုန်လှုပ်နေမိသည် ။ ထို့နောက် အကြံတစ်ခုရလာခဲ့၏။ အော်လစ်ဒယ်လီ၊ စမစ်နှင့် မက်ကလင်းတို့ သည် ရယ်စရာလုပ်သည် ဟု ထင်ခဲ့ကြ၏။ ဇက်အယ်လ်အား နေ့ခင်းပိုင်းတွင် အလောင်းသယ်တာဝန်ကျသည့် ကောလင်းနှင့် ဆနေလီတို့ ယူဆောင်လာခြင်းဖြစ်သည် ။ သူတို့ သည် ကောလိပ်ကျောင်းသားလူငယ်လေးအား ခြောက်လှန့်ရန် အကောင်းဆုံးအရာဟု ယူဆခဲ့ပေလိမ့်မည်။

အကြောက်အနည်းငယ်ပြေသောအခါတွင် ကျွန်တော်သည် ဂျပ်ဒ်လောရင့်ထံ တယ်လီဖုန်းဆက်လိုက်၏။ သူသည် ကျွန်တော့်ဖခင်နှင့် ဂေါက်သီးရိုက်ဖက်ဖြစ်ပြီး အရပ်ဝတ်စုံထောက် ဖြစ်၏။ လူသတ်မှုဌာနခွဲတွင် တာဝန်ထမ်းဆောင်၏။ ကျွန်တော့်အပေါ်တွင် အလွန်ကောင်းပြီး

ဤအလုပ်ရအောင် သူကပင် ထောက်ခံခဲ့သည် ။

"တာလီဘရှန်ဆန်ပါ မစ္စတာလော့ရင့်"

"ဘာကိစ္စလဲ တယ်လီ"

"ကျွန်တော့်မှာ ပြဿနာပေါ်နေတယ်"

"သေနတ်ပစ်မှုမျိုးများ လား"

သူက ခပ်မြန်မြန်ပြန်မေးသည် ။

"ကျွန်တော်တို့ ဆီမှာ လာတည်းခိုတဲ့ ဧည့်သည် တစ်ယောက်ကိစ္စပါ ။ ရွှေရောင်ဆံပင်နဲ့ မိန်းကလေးတစ်ယောက်။ သူနာပြုမိန်းကလေး။ သူ့နာမည်အတိုကောက်က ဇက်အယ်လ်တဲ့ "

"အိုလစ်ဒယ်လီကို အကြောင်းမကြားဘူးလား"

"ဆက်ပါတယ်။ အလုပ်က ပြန်သွားရင် သူအိပ်မက်မက်နေလောက်ပြီ။ သူ့ကိုစိတ်ဆိုးအောင် ကျွန်တော်မလုပ်ချင်ဘူး။ သူဟာ တကယ်ကို စိတ်ပျက်စရာကောင်းတယ်"

ဂျပ်ဒ်က ရယ်နေ၏။

"မင်းကို ငါအပြစ်မတင်ပါဘူး၊ မိန်းကလေးအကြောင်း ပြောပါဦးကွ "

"ကျွန်တော် ခင်ဗျားကို ပြောပြီးသလောက်ပဲ သိပါတယ်"

"မိန်းကလေးဟာ အပြင်းအထန်ဒဏ်ရာရပြီး သေတဲ့ အတွက် အဲဒီကိုရောက်လာတာလို့ မင်းယူဆသလား"

"ကျွန်တော် အဲဒီလိုပဲထင်ပါတယ်"

"လူသတ်ခံရသလား"

"ဘာဖြစ်တယ်ဆိုတာ မသိဘူး"

ကျွန်တော်ပြန်ပြောလိုက်သည် ။

"သံသယရှိစရာတော့ ကောင်းတယ်"

"အိုကေ တယ်လီ။ မင်းကို ငါဘယ်လိုအကူအညီပေးနိုင်မလဲဆိုတာကို စဉ်းစားပြီး ဖုန်းပြန်ဆက်မယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာလောရင့်"

ကျွန်တော် တယ်လီဖုန်းပြန်ချလိုက်သည် ။ တလားခေါင်းထဲတွင် ရွှေရောင်ဆံပင်နှင့် မိန်းကလေးမှာ ယခုတိုင်ရှိနေဆဲဖြစ်သည် ။

ထို့နောက် ကျွန်တော့်အခန်းသို့ ပြန်လာခဲ့၏။ အဘိုးကြီးတစ်ယောက်လို ကျွန်တော်မောနေသည် ။ နောက်ဆုံးတွင် တယ်လီဖုန်းသံမြည်လာ၏။ ကျွန်တော်ကောက်ယူနားထောင်လိုက်၏။

"တယ်လီဘရန်ဆန် စကားပြောနေပါတယ်"

"ဂျပ်ဒ်ပါ တယ်လီ"

"ဘာတွေထူးခြားသလဲ"

"လူသတ်မှုဌာနမှာ တော့ ဘာမှ မထူးခြားဘူးကွ တယ်လီ။ လွန်ခဲ့တဲ့ (၂၄)နာရီအတွင်းမှာ ဇက်အယ်လ်အမည်နဲ့ ရွှေရောင်ဆံပင်ရှိတဲ့ ဘယ်မိန်းကလေးမှ အသတ်မခံရဘူးကွ"

"အို ..."

ကျွန်တော်စိတ်ပျက်စွာ ညည်းမိသည် ။

"သူနာပြုဆရာမတွေစာရင်းနဲ့ စစ်ဆေးကြည့်ခဲ့တယ်"

ဂျပ်ဒ်က ဆက်ပြော၏။

"မင်းပြောတဲ့ ပုံသဏ္ဍာန်နဲ့ တူတဲ့ နာ့စ်မတစ်ယောက်တော့ ရှိတယ်။ အသက်ငယ်တယ်။ ရွှေရောင်ဆံပင်နဲ့ ..။ သင်တန်းဆင်းလာတာမကြာသေးဘူးကွ။ သူ့နာမည်က ဇယ်လာလန်တရီ။ အိစ်လင်းဒ်အီဗင်းနယူ အမှတ်(၇၁၁)မှာ အလုပ်ဝင်တယ်။ သူမဟာ မကြာခင်က စီးတီးဟော်စပီတယ်လ်မှာ အလုပ်ဝင်တယ် ။ သူမဟာ တစ်ခုခုဖြစ်တယ်ဆိုရင် လွန်ခဲ့တဲ့ နာရီဝက်အတွင်းက ဖြစ်လိမ့်မယ်။ သူမဟာ မကြာခင်က တာဝန်ပြီးလို့ အိမ်ပြန်သွားတယ်တဲ့ ကွ"

သူ့စကားကြောင့် ကျွန်တော့်ခေါင်းမှ ဆံပင်များ ထောင်အောင်ကြောက်သွားပါသည် ။

"မစ္စတာလောရင့် ...သူမဟာ အိမ်ကို ဘယ်တော့မှ ပြန်ရောက်လိမ့်မယ်လို့ ကျွန်တော်မထင်တော့ဘူး"

"ဘာဖြစ်လို့ လဲ။ မင်းဘာတွေပြောနေတာလဲ တယ်လီ"

"စတုတ္ထမြောက် အင်ဒေါ်စုန်းမ"

ကျွန်တော် မပီမသပြောလိုက်မိသည် ။

"သူမဟာ သနားကြင်နာတတ်ပါတယ်။ လူတစ်ယောက်ကို ဘယ်တော့မှ မကောင်းတာ ဗေဒင်မဟောဘူး။ ကောင်းတဲ့ အကြောင်းပဲဟောတယ်"

"ဘာတွေပြောနေတာလဲ တယ်လီ။ မင်းအရက်မူးနေသလား"

"မမူးပါဘူး"

"နေကောင်းရဲ့ လား"

"ကျွန် ...ကျွန်တော် နေကောင်းပါတယ်။ အများကြီးကျေးဇူးတင်ပါတယ်"

နောက်မိနစ်နှစ်ဆယ်အကြာတွင် ကျွန်တော်၏ ကားစုတ်ကလေးသည် အိစ်လင်းဒ်အီးဗင်းနယူးသို့ ရောက်လာ၏။ ကျွန်တော်သည် ကားပေါ်မှ ဆင်းပြီး နံပါတ်များကို လျှောက်ကြည့်လာခဲ့၏။ အလွယ်တကူပင် အိမ်နံပါတ်(၇၁၁)ကို ရှာတွေ့ပါသည် ။ အိမ်မှာ ဆေးဖြူသုတ်ထားသော သေးငယ်သောအဆောက်အဦဖြစ်သည် ။ ခြံဝင်းမှာ သပ်ရပ်သန့်ရှင်းသည် ။ ပတ်ဝန်းကျင်ရှိ ဆင်းရဲသားအိမ်အများ အကြားတွင် ပေါ်လွင်ထူးခြားနေ၏။

အိမ်ဝင်းမှာ တိတ်ဆိတ်အေးချမ်းနေသည် ။ ကျွန်တော်သည် အိမ်ရှေ့တွင် ရပ်နေမိသည် ။ ထိုအခိုက် လမ်းထဲသို့ဝင်လာသော ကားစက်သံကြားရ၏။ လှမ်းကြည့်သောအခါ မြူနီစပယ်ကားတစ်စီးကို မြင်လိုက်ရသည် ။

မေပယ်သစ်ပင်ရိပ်တွင် ရပ်ရင်း အိစ်လင်းဒ်အတိုင်းလျှောက်လာသည့် မိန်းမပျိုကို ကျွန်တော်စောင့်ကြည့်နေခဲ့သည် ။ သို့သော် ဘတ်စ်ကားပေါ်မှ ဆင်းလာသူမှာ သူမတစ်ယောက်တည်းမဟုတ်ပေ။ သူမနောက်မှ အရပ်မြင့်မြင့်လူတစ်ယောက် ကပ်လိုက်လာသည် ။ မြင်ကွင်းကို စောင့်ကြည့်ရင်း ကျွန်တော်အသက်ရှူရန်မေ့နေသည် ။

ထိုလူလိုက်လာသည် ကို အမျိုးသမီးကလည်း သိပုံရသည် ။ ခြေလှမ်းကို ပိုပြီးသွက်သွက်လှမ်းလာ၏။ ထိုလူကလည်း ခပ်မြန်မြန်လိုက်နေသည် ။ အမျိုးသမီးက နောက်ပြန်လှည့်ကြည့်၏။ သူမသည် မပြေးရုံတမယ် အမြန်လျှောက်လာသည် ။ ထိုလူကလည်း နောက်မှ အမြန်လို

က်လာသည် ။ နောက်ဆုံးတွင် ထိုလူက အမျိုးသမီး၏ ပါးစပ်ကို ပိတ်ထားသဖြင့် အော်သံထွက်မလာတော့။

သူတို့ သည် ပလက်ဖောင်းပေါ်တွင် လုံးထွေးရုန်းကန်နေကြ၏။ ထိုလူက အမျိုးသမီး၏ လည်ပင်းကို တံတောင်ဖြင့်ညှပ်ထား၏။ အမျိုးသမီးက ရုန်းကန်နေသည် ။ ကျွန်တော်သည် သစ်ပင်အောက်မှ ထွက်ပြီး သူတို့ ထံ ပြေးသွားခဲ့၏။ ကျွန်တော့်အသံကြားသဖြင့် ထိုလူသည် မိန်းကလေးကို လွှတ်လိုက်၏။

ကျွန်တော်က ထိုလူ့ရင်ဘတ်ကို ခေါင်းဖြင့်ဝင်ဆောင့်သည် ။ထိုလူက ဒူးပင့်လိုက်သဖြင့် ကျွန်တော့်မေးရိုးကို ထိခိုက်သွားသည် ။ ကျွန်တော် လမ်းပေါ်လဲကျသွားချိန်တွင် ထိုလူထွက်ပြေးသွားတော့သည် ။

အမျိုးသမီးက နူးညံ့သောလက်ကလေးများ ဖြင့် ကျွန်တော့်ကို ဆွဲထူပေးသည် ။ ကျွန်တော်သည် သူမမျက်နှာကို ပထမဆုံးအကြိမ်အဖြစ်စေ့စေ့ကြည့်မိသည် ။ သူမ၏ မျက်လုံးများက ကျေးဇူးတင်ကြောင်း ဖော်ပြနေသည် ။

"ခင်ဗျားဘာမှ မဖြစ်ဘူးနော်"

ကျွန်တော်မေးလိုက်သည် ။

"ကျွန်မဘာမှ မဖြစ်ပါဘူး။ ကျေးဇူးတင်ပါတယ်။ ရှင်ကော"

"နေကောင်းပါတယ်။ အခုပဲ ကောင်းသွားပြီ"

အမျိုးသမီးက ကျေနပ်ပြန်ဆယ်လိုက်ရင်း ...

"ဒီအချိန်မှာ ရှင်ရောက်လာတာဟာ ကျွန်မကံကောင်းတာပဲ"

ဟု ပြောရှာသည် ။

"ကျွန်တော် မမျှော်လင့်ဘဲ ဒီကိုရောက်လာတာပါ"

ကျွန်တော်ပြောလိုက်ပါသည် ။

"ခင်ဗျားအိမ်အထိ ကျွန်တော်လိုက်ပို့ပါ့မယ်။ ဟိုလူကို ရဲဌာနတိုင်ချင်သလား။ သူ့ကို ခင်ဗျားမှတ်မိသလား။ သူ့ကို ဖမ်းမိမှာ တော့ မဟုတ်တော့ဘူး"

"ကျွန်မ အိမ်ပြန်လာတာပါ။ ဒီလမ်းရဲ့ အောက်ပိုင်းမှာ ကျွန်မနေပါတယ်"

အမျိုးသမီးက ပြောပြသည် ။

ကျွန်တော်တို့ နှစ်ယောက် ယှဉ်တွဲလျှောက်လာကြ၏။ တစ်ယောက်နှင့် တစ်ယောက် အမည်ပြောပြကြ၏။ သူမနာမည်မှာ ဇယ်လာဖြစ်သည် ။ အိမ်ပေါက်ဝသို့ ရောက်လာအခါ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြ၏။ ကျွန်တော်က သူမထံ တယ်လီဖုန်းဆက်ခွင့်ရှိပါသလားဟု မေးသောအခါ သူမက အချိန်မရွေးဆက်နိုင်ပါတယ်ဟု ပြော၏။

သူမ အိမ်ထဲဝင်သွားသည် ကို ကျွန်တော်စောင့်ကြည့်နေခဲ့သည် ။ ထို့နောက် ကားစုတ်ကလေးဆီသို့ လေချွန်ပြီး ပြန်လာခဲ့သည် ။

ကျွန်တော့်အလုပ်သို့ ပြန်ရောက်သောအခါ တလားခေါင်းအမှတ်(၁၄)ကို သွားကြည့်ပါသည် ။ ကျွန်တော့အတွေး မှန်ပါက တလားခေါင်းထဲတွင် ဇယ်လာလန်ထရီ၏ ပုံရိပ် ရှိနေတော့မည်မဟုတ်ပါ။ သူမသည် သေမင်း၏ ခံတွင်းမှ လွတ်မြောက်ခဲ့လေပြီ။

ကျွန်တော်သည် အချိန်ကြာမြင့်စွာရပ်၍ တလားခေါင်းအမှတ်(၁၄)ကို ကြည့်နေခဲ့သည် ။ ကျွန်တော့်အတွေး မှန်ကန်ပါသည် ။ သူမ၏ အရိပ် ရှိမနေတော့ပါ။

ဇယ်လာလန်ထရီ၏ ပုံရိပ်သည် တလားခေါင်းအမှတ်(၁၄)ထဲတွင် ရှိမနေတော့ပါ။ သူမအစား ကျွန်တော့်ရင်ထဲတွင် ချစ်စရာကောင်းသောဆံပင်နီနှင့် မိန်းကလေး ရောက်နေပါတော့ပါသည် ။ ။

*

(Drawer 14 By Taimage Powelell)